# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၆/၂၀၁၈)

| | |
|---|---|
| ဒေါ်စန်းစန်းရီ (အလုပ်ရှင်)၊<br>စွမ်းထက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊<br>အမှတ် (၂၈၄/၂၈၅)၊ အရှေ့ကြို့ကုန်းရပ်ကွက်၊<br>(၇) လမ်း၊ အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်မြမြမိုးပါ အလုပ်သမား (၂)ဦး၊<br>မီးသတ်လိုင်း၊ အနောက်ကြို့ကုန်းရပ်ကွက်၊<br>အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ၂၀ ရက်

### ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၇) လမ်း၊ အမှတ် (၂၈၄/၂၈၅) ရှိ ဒေါ်စန်းစန်းရီ (အလုပ်ရှင်)၊ စွမ်းထက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် ဒေါ်မြမြမိုးပါ အလုပ်သမား (၂)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို အင်းစိန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၇၃/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဇွန် လ ၂၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုခြင်းခံရသူ ဒေါ်စန်းစန်းရီ (အလုပ်ရှင်)ထံတွင် တောင်းဆိုသူ ဒေါ်မြမြမိုးပါ အလုပ်သမား (၂)ဦးတို့က အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအနိုင်းအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်မှ အောက်ပါကောက်ချက်အမှတ် (၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်မြမြမျိုးပါ (၂)ဦးအား အလုပ်ရပ်စဲခံရမှုအတွက် နစ်နာကြေး ရထိုက်/မရထိုက်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဒေါ်မြမြမျိုးပါ အလုပ်သမား (၂)ဦးအား အောက်ပါအတိုင်း နစ်နာကြေး ပေးရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | အလုပ်ဝင်ရက်စွဲ | နို့တစ်ကြေး | လုပ်သက်နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဒေါ်မြမြမျိုး | ၁-၃-၂၀၀၄ | ၁၅၀,၀၀၀/- | ၁,၂၀၀,၀၀၀/- | ၁,၃၅၀,၀၀၀/- |
| ၂။ | ဦးစောဖောလာပွဲ | ၁-၄-၂၀၀၅ | ၁၅၀,၀၀၀/- | ၁,၂၀၀,၀၀၀/- | ၁,၃၅၀,၀၀၀/- |

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၇၃/၂၀၁၈) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ဒေါ်စန်းစန်းရီ (အလုပ်ရှင်)မှ ခုံသမာဓိကောင်စီသို့ လျှောက်ထား လာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၈)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၅၆/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဒေါက်တာဆောယုဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးသိန်းကြွယ်တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက် အထားများ လျှောက်ထားသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်မြမြမျိုးပါ (၂)ဦး အလုပ်ရပ်စဲခံရမှုအတွက် နစ်နာ ကြေးပေးရန် သင့်/မသင့်။

<u>တွေ့ရှိချက်</u>

၆။ အလုပ်သမား ဒေါ်မြမြမျိုးပါ (၂)ဦးက အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ၄-၅-၂၀၁၈ ရက်စွဲဖြင့် တိုင်ကြားရာတွင် ပါရှိသော အချက်များမှာ (၁) ဒေါ်မြမြမျိုး ၁-၃-၂၀၀၄ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ဦးစောလားပွဲ ၁-၄-၂၀၀၅ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်ကြောင်း၊ (၂) ၃-၅-၂၀၁၈ ရက်နေ့တွင် အကြောင်းကြားခြင်းတစ်စုံတစ်ရာမရှိဘဲ အလုပ်မှထုတ်ပယ်ခဲ့ကြောင်း၊ အလုပ်ပြန်ဆင်းခွင့်တောင်းခြင်းကို အလုပ်ရှင်မှ ကြမ်းတမ်းစွာပြောဆိုဆက်ဆံကြောင်း၊ (၃) လက်ရှိလုပ်သက်များကို လိမ်ညာ၍ လူမှုဖူလုံရေးကတ်များလုပ်စေကြောင်း စသောအချက်များဖြစ်ပါသည်။

၇။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖျန်ဖြေရာတွင် အလုပ်သမားများ ထွက်ဆိုတင်ပြသည့် အချက်များမှာ (၁) သူတို့ဘက်က အလုပ်မရှိဘူးလို့ ပြောပါတယ်၊ တကယ်တော့ အလုပ်ရှိပါတယ်။ ကျွန်မတို့ကို အလုပ်မခေါ်တော့ဘဲ အလုပ်ကထုတ်တယ်လို့ ပိုင်ရှင်ကပြောကြောင်း၊ (၂) ၁၇-၃-၂၀၁၈ ရက်နေ့တွင် ချိတ်ပိတ်တာကိုသိရှိကြောင်း၊ ၃ လပိုင်းကုန်အထိ လစာပေးထားကြောင်း၊(၃) ၃-၅-၂၀၁၈ ရက်နေ့တွင် အကြောင်းကြားခြင်း တစ်စုံတစ်ရာမရှိဘဲ အလုပ်မှထုတ်ပယ်ခဲ့ကြောင်း၊ (၄) အလုပ်ပြန်ဆင်းခွင့်တောင်းဆိုခြင်းကို အလုပ်ရှင်မှ ကြမ်းတမ်းစွာပြောဆိုကြောင်း၊ ၉-၅-၂၀၁၈ ရက်နေ့တွင် အလုပ်ရှင်၏ သားဖြစ်သူမှ အလုပ်မထုတ်ဟုပြောကြားကြောင်း စသောအချက်များဖြစ်ပါသည်။

၈။ အလုပ်သမားများက ၁၈-၅-၂၀၁၈ ရက်စွဲဖြင့် ခုံသမာဓိအဖွဲ့သို့ တင်ပြသည့် တောင်းဆိုလွှာတွင် ပါဝင်သောအချက်များမှာ (၁) မည်သည့်အပြစ်တစ်စုံတစ်ရာဝန်ခံကတိလက်မှတ် ရေးထိုးထားခြင်းမရှိခဲ့ကြောင်း၊ (၂) အလုပ်သမားများ၏ လုပ်သက်နှစ်အလိုက် လျော်ကြေးများကို ကူညီဆောင်ရွက်ပေးရန်တင်ပြကြောင်း စသောအချက်များဖြစ်ပါသည်။

၉။ ခုံသမာဓိအဖွဲ့ ၂၁-၆-၂၀၁၈ ရက်နေ့၌ အမှုစစ်ရာတွင် အလုပ်သမားများ၏ တင်ပြထွက်ဆိုချက်များမှာ (၁) ဒေါ်မြမြမျိုး လစာ ၁၂၀၀၀၀ိ/- ၊ ဦးစောလားပွဲ လစာ ၁၂၀၀၀၀ိ/- ရရှိကြောင်း၊ (၂) ၃-၅-၂၀၁၈ ရက်နေ့တွင် အလုပ်ထုတ်ခံရပြီး ၄ လပိုင်းကုန် ၃၀ ရက်နေ့လစာပေးပြီး အလုပ်ပိတ်တယ်ဟုပြောကြောင်း၊ ၂-၅-၂၀၁၈ ရက်နေ့တွင် ပြန်ခေါ်ကြောင်း၊ ၃-၅-၂၀၁၈ ရက်နေ့ အလုပ်သွားသည့်အခါ အလုပ်မခန့်နိုင်တော့ဘူးဟု ပြောကြောင်း၊ (၃) တိုင်းရင်းဆေးဝါးလိုင်စင်မကျသေးလို့ ခဏပိတ်မည်ဟုပြောကြောင်း၊ စစ်ဆေးရေးဝင်တာ ဆေးဝါးထုတ်လုပ်မှုလိုင်စင်မရှိသေးလို့ဟု သိရကြောင်း၊ သေချာတော့မသိရကြောင်း၊ (၄) စက်ရုံလုပ်သား ၁၅ ဦးခန့်ရှိကြောင်း၊ (၅) မေလလစာမပေးကြောင်း၊ (၆) ရွှေပြည်သာမြို့နယ် ဆေးဝိဇ္ဇာအမည်ဖြင့် ဓာရားမဝင်ဆေးထုတ်လုပ်ရောင်းချသူထံ၌ အလုပ်ဝင်သည်ဆိုတာမဟုတ်ကြောင်း၊ သကြံန်ရက်တွင် ပရဟိတသွားလုပ်ခြင်း

ဖြစ်ကြောင်း၊ (၇) အလုပ်ပိတ်ကြောင်း စာဖြင့်အသိပေးကြောင်း၊ လက်ရှိစက်ရုံတွင် ကျန်သူများ အလုပ်ဆင်းနေကြောင်း၊ (၈) ရသင့်ရထိုက်တာရလျှင် ကျေနပ်ပါကြောင်း စသောအချက်များ ဖြစ်ပါသည်။

၁၀။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖျန်ဖြေရာတွင် အလုပ်ရှင်ဘက်မှ တင်ပြထွက်ဆိုချက်များမှာ (၁) ၁၇-၃-၂၀၁၈ ရက်နေ့မှ ချိတ်ပိတ်ခဲ့ရကြောင်း၊ ၃ လပိုင်းအထိ လခထုတ်ပေးပြီး၊ ၄ လပိုင်းအထိ ထပ်ထုတ်ပေးထားကြောင်း၊ (၂) အလုပ်ပြန်ဖွင့်ရင် အလုပ်ပြန်ရမယ်။ အခု အလုပ်လာလျှင်လည်း လစာမပေးနိုင်ကြောင်း၊ (၃) ၄ လပိုင်းတစ်လလုံး နို့တစ်ပေးပြီး လစာပါပေးထားကြောင်း၊ (၄) အလုပ်သမား ၁၅ ဦးရှိကြောင်း၊ အလုပ်ရလို့ ထွက်တဲ့သူလည်းရှိကြောင်း၊ (၅) စက်ရုံပြန်ဖွင့်နိုင်ရန် တရားဝင်ဖြေရှင်းဆောင်ရွက်နေကြောင်း စသောအချက်များဖြစ်ပါသည်။

၁၁။ အလုပ်ရှင်ဘက်မှ ခုံသမာဓိအဖွဲ့သို့ ၂၁-၅-၂၀၁၈ ရက်စွဲဖြင့် တင်ပြသည့် ချေပလွှာတွင်ပါဝင်သောအချက်များမှာ (၁) တစ်ကြိမ်တစ်ခါမျှ အလုပ်ရှင်၊အလုပ်သမား ပြဿနာမရှိခဲ့ဖူးကြောင်း၊ (၂) တယ်လီဖုန်းအမှတ် ၀၉-၄၂၀၀၈၀၀၉၉ ဖြင့် ဝန်ထမ်း ဦးထွန်းထွန်းဝင်းထံ ၎င်း ဒေါ်မြမြမျိုးမှ (၀၉-၂၆၃၆၁၃၄၆၇) ဖြင့် ဝန်ထမ်း မဝင်းရွှေထံ ၎င်းအလုပ်ရပြီးကြောင်းကို ဒေါ်မြမြမျိုးတို့ အရှေ့တွင်ပင် လစာထုတ်ပေးစဉ်က ပြောၡ၍ သိရကြောင်း၊ (၃) ၎င်းတို့နှစ်ဦးမှာ ကျွန်မအလုပ်ထုတ်စာမပေးဘဲ လစာပေးပါလျက် ၎င်းတို့သဘောနှင့် အလုပ်ရှာ၍ ရပြီး ကျွန်မထံနှစ်နာကြေးတောင်းကြောင်း၊ (၄) ၂၀၁၈ ခုနှစ်၊ ၅ လပိုင်းတွင် ၎င်းတို့ ၂ ဦး အလုပ်ဆင်းရမည်၊ မဆင်းရမည်ကို မေးမြန်းခဲ့ကြောင်း၊ (၅) ၎င်းတို့ရွေးတဲ့လမ်း ဆက်လက်လျှောက်ရန်ပြောခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၂။ ခုံသမာဓိအဖွဲ့ အမှုစစ်ဆေးရာတွင် အလုပ်ရှင်ဘက်မှ တင်ပြချက်များမှာ (၁) အနောက်တိုင်းဆေးကို ၁၉၉၉ ခုနှစ်၊ စွမ်းထက်ဆီးချိုပျောက်ဆေး၊ ၂၀၀၃ ခုနှစ်၊ ကင်ဆာဆေး၊ ၂၀၁၆ ခုနှစ်တွင် FDA တင်ခဲ့ကြောင်း၊ (၂) ၁၇-၃-၂၀၁၈ ရက်နေ့တွင် စသုံးလုံးမှ ချိတ်ပိတ်ပြီး၊ ၂၅-၅-၂၀၁၈ ရက်နေ့တွင် စသုံးလုံးမှ ပြန်လာဖွင့်ပေးကြောင်း၊ FDA မှ ခွင့်ပြုချက်မကျသေး၍ စက်လည်ပတ်မှုမရသေးကြောင်း၊ (၃) ဈောင်းဆိုသူ နှစ်ဦး ဆေးဝိဇ္ဇာတွင် အလုပ်လုပ်နေသည်ကို ဝန်ထမ်းအချင်းချင်းပြောနေသဖြင့် သိရကြောင်း၊ အထောက်အထားမရှိကြောင်း၊ (၄) ၃၀-၄-၂၀၁၈ ရက်နေ့တွင် လစာပေး၍ လုပ်ငန်းပိတ်ကြောင်း၊ တိုင်ကြားသူ နှစ်ဦးအပါအဝင် အလုပ်သမားများအား စာပေးပါကြောင်း၊ (၅) (၅/၂၀၁၈) လပိုင်းတွင် အလုပ်မလာသောသူများကို လစာပေးပြီး၊ ၎င်းတို့ နှစ်ဦးကို အလုပ်ထုတ်သည့်အတွက် လစာမပေးခြင်းဖြစ်ကြောင်း၊ တစ်လလုံး အလုပ်မပျက်လျှင် ၃၀၀၀၀ိ/-၊ တစ်နှစ်လုံးမပျက်လျှင် ၅၀၀၀၀ိ/- အပိုပေးကြောင်း၊ (၆) အလုပ်ထုတ်ခံရသူ နှစ်ဦးယခင်က ပြစ်ချက်ရှိ၍ သတိပေးစာပေးရခြင်းမရှိခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၃။ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စစ်ဆေးချက်အရ တိုင်ကြားစာနှင့်ပတ်သက်၍ တောင်းဆိုသူ နှစ်ဦးပါဝင်ပတ်သက်ခြင်းမရှိကြောင်းနှင့် တိုင်ကြားသူမှာ ဆေးဝိဇ္ဇာဆေးတိုက်ဖြစ်သည်ဟူသော အထောက်အထားကို အလုပ်ရှင်မှ တင်ပြနိုင်ခြင်းမရှိပါကြောင်း၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC) ချုပ်ဆိုရန် ဥပဒေပြဋ္ဌာန်းချက် စည်းနှောင်ထားသည်ဖြစ်ရာ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် (EC) ချုပ်ဆိုရခြင်းမရှိသေးသဖြင့် စာချုပ်ပုံစံပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်မလိုဟု မှတ်ယူရန် မသင့်ကြောင်း၊

(ဂ) တောင်းဆိုသူ အနေဖြင့် သာမန်ပြစ်မှုကျူးလွန်ထားခြင်းမရှိသဖြင့် သတိပေးစာထုတ်ခဲ့မှု မရှိခဲ့ကြောင်း၊ အလုပ်ထုတ်မှုသည် ဥပဒေ၊ အမိန့်ကြော်ငြာစာတို့ဖြင့် ညီညွတ်မှုမရှိသဖြင့် အလုပ်ထုတ်နစ်နာကြေးနှင့် တစ်လကြိုတင်အကြောင်းကြားခြင်းမရှိသဖြင့် နို့တစ်ကြေးရထိုက်ကြောင်း၊

<u>ခုံအဖွဲ့တွင် ဆောင်ရွက်ချက်</u>

၁၄။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ၆-၇-၂၀၁၈ ရက်စွဲဖြင့် လျှောက်ထားလွှာတွင် ပါဝင်သောအချက်များမှာ (၁) ၁၇-၃-၂၀၁၈ ရက်နေ့တွင် FDA နှင့် စစစမှ ဝင်ရောက်စစ်ဆေးပြီးနောက် စက်များကို တရားဝင်ချိတ်ပိတ်ခဲ့ကြောင်း၊ ဝန်ထမ်းများအား လစာပေးခဲ့ကြောင်း၊ (၂) ၄ လပိုင်းလဆန်းတွင် ဝန်ထမ်းများအား အလုပ်ပိတ်ခံထားရသည်ဖြစ်၍ လတ်တလောအလုပ်သစ်ရှာလိုက ရှာနိုင်ကြောင်း၊ အလုပ်မရမီစပ်ကြား ဝန်ထမ်းမိသားစု စားဝတ်နေရေးအတွက် လစာပေးမည်ဟု ပြောကြားခဲ့ပြီး ၁၀-၄-၂၀၁၈ ရက်နေ့တွင် ဝန်ထမ်းများကို စာထုတ်ပေးခဲ့ကြောင်း၊ (၃) ၄ လပိုင်းလစာထုတ်ပေးသည့်နေ့တွင် ဒေါ်မြမြမိုးပါ (၂) ဦးမှ ဦးဆောင်ကာ စက်ရုံပြန်မဖွင့်နိုင်တော့ဟုဆိုကာ ဝန်ထမ်းများကို သိမ်းသွင်း၍ နစ်နာကြေးတောင်းမည်ဟု စည်းရုံးခဲ့ကြောင်း၊ ကျန်ဝန်ထမ်းများက အလုပ်မရှာဘဲ အလုပ်ရှင်နစ်နာနေသည်ကို စာနာ၍ ဤအလုပ်ကိုသာ ဆက်လက်လုပ်ကိုင်မည်ဟုဆိုကာ လုပ်ငန်းလိုင်စင်ကျသည့်အထိ ပူးပေါင်းဆောင်ရွက်ကူညီပေးမည်ဟု လက်မှတ်ရေးထိုးထားကြကြောင်း၊ (၄) အလုပ်ရှင်သည်လည်းကောင်း၊ ဝန်ထမ်းသည်လည်းကောင်း၊ အလုပ်ရှင်နစ်နာနေမှုကို စာနာ၍ တစ်ဖက်သတ်နစ်နာမှုမရှိစေရေး ဆုံးဖြတ်ရန် လျှောက်ထားကြောင်း စသောအချက်များပါရှိပါသည်။

၁၅။ ခုံအဖွဲ့မှ အမှုစစ်ရာတွင် အလုပ်သမားများ၏ တင်ပြထွက်ဆိုချက်များမှာ (၁) အမှုတွဲပါ အမျိုးသား၏ အမည်မှာ ဦးစောဖောလာပွဲဖြစ်ကြောင်းနှင့် နိုင်ငံသားမှတ်ပုံတင်အမှတ်မှာ ၁၂/တကန

(နိုင်) ၁၄၄၄၂၅ ဖြစ်ကြောင်း၊ (၂) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာလိုပါကြောင်း၊ (၃) ၁၇-၃-၂၀၁၈ ရက်နေ့တွင် ချိတ်ပိတ်ပြီးနောက်ပိုင်း အလုပ်လုပ်ရပါကြောင်း၊ သကြံန်ပိတ်ရက်မှလွဲ၍ ရက်ခြားဆင်းရပါကြောင်း၊ (၄) ဧပြီလကုန်အထိ စက်ဖြင့် လုပ်ရသော အလုပ်မဟုတ်ဘဲ လက်ဖြင့် လုပ်ရသော ဖမာဆေးကိုသာပြုလုပ်ရကြောင်း၊ (၅) ၄/၂၀၁၈ လစာ ၁၂၀၀၀၀ိ/- စီရရှိကြောင်း စသော အချက်များဖြစ်ပါသည်။

၁၆။ ခုံအဖွဲ့မှ အမှုစစ်ရာတွင် အလုပ်ရှင်ဘက်မှ တင်ပြထွက်ဆိုချက်များမှာ (၁) ကျန်သူများခန့်ပြီး ၎င်းအလုပ်သမားများ နှစ်ဦးတည်းထုတ်သည်ဆိုသည်မှာ မဟုတ်ပါကြောင်း၊ (၂) စက်ရုံပိတ်ရန် အားလုံး ကို ပြောကြားခြင်းဖြစ်ကြောင်း၊ (၃) အလုပ်ရုံရပ်နားထားသည့်အတွက် ခံစားခွင့်ကို မစီစဉ်ပေးနိုင် သေးကြောင်း၊ စက်ရုံပြန်လည် လည်ပတ်ပါက နစ်နာသူအလုပ်သမားများကို လုပ်သက်အလိုက် နစ်နာကြေးပေးမည်ဖြစ်ပါကြောင်း၊ (၄) ၃၀-၄-၂၀၁၈ ရက်နေ့ ဒေါ်စန်းစန်းရီ လက်မှတ်ထိုး၍ တင်ပြ ထားသောစာသည် လုပ်ငန်းရှင်ဘက်မှ တင်ပြထားသော စာဟုတ်ပါကြောင်း၊ (၅) ၂၅-၅-၂၀၁၈ ရက်နေ့ တွင် ချိတ်ပိတ်စာချခြင်းနှင့် စပ်လျဉ်း၍ စက်များ ဆေးဝါးထုတ်လုပ်ခွင့်မရှိကြောင်း စသောအချက် များဖြစ်ပါသည်။

သုံးသပ်ချက်

၁၇။ တောင်းဆိုသူ အလုပ်သမားများအနေဖြင့် လုပ်ငန်းရပ်စဲမှုအတွက် အလုပ်လုပ်ရန်လိုအပ်မှု မရှိ နိုင်ခြင်းနှင့် အလုပ်သမားဘက်မှ အပြစ်မရှိဘဲ အလုပ်ရပ်စဲခံရသည့်သဘော သက်ရောက်ခြင်း ပေါ်ပေါက်၍ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်များပေးသင့်သည်ဟု သုံးသပ်ပါ သည်။

၁၈။ အမှုတင်တိုင်ကြားစဉ်က အမျိုးသားအလုပ်သမား၏ အမည်မှာ ဦးစောလားပွဲ (၁၂/တကန (နိုင်) ၁၄၄၄၂၅) ဖြစ်ပြီး ခုံသမာဓိအဖွဲ့မှ စိစစ်ရာတွင် ဦးစောဖောလာပွဲ (၁၂/တကန(နိုင်) ၁၄၄၄၂၅) ဟု တွေ့ရှိရ၍ ထိုအမည်ဖြင့် ဆုံးဖြတ်သင့်ပါသည်။

၁၉။ အလုပ်သမားများ၏ ထွက်ဆိုချက်နှင့် ယင်းတို့လက်မှတ်ရေးထိုး၍ လစာထုတ်ယူခဲ့သော (၄/၂၀၁၈) လစာစာရင်းအရ အလုပ်သမားများ၏ လစာမှာ ၁၂၀၀၀၀ိ/- ဖြစ်သဖြင့် ထိုငွေအပေါ် အခြေခံ၍ ဆုံးဖြတ်သင့်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက် ရက်စွဲပါ အငြင်းပွားမှုအမှတ် (၇၃/၂၀၁၈) ဆုံးဖြတ်ချက်ကို ပြင်ဆင်၍ အလုပ်ရှင်မှ အလုပ်သမားအား အောက်ပါအတိုင်း နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန် ဆုံးဖြတ်လိုက်သည်-

| စဉ် | အမည် | အလုပ်ဝင်ရက်စွဲ | နို့တစ်ကြေး | လုပ်သက်နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဒေါ်မြမြမိုး | ၁-၃-၂၀၀၄ | ၁၂၀,၀၀၀ိ/- | ၉၆၀,၀၀၀ိ/- | ၁,၀၈၀,၀၀၀ိ/- |
| ၂။ | ဦးဓာဖောလာပွဲ | ၁-၄-၂၀၀၅ | ၁၂၀,၀၀၀ိ/- | ၉၆၀,၀၀၀ိ/- | ၁,၀၈၀,၀၀၀ိ/- |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၂၀။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဒေါက်တာစောယုဝင်း | ဦးအောင်သန်း | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

24/07 2018 2:25 PM FAX 019010405 0009